# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်
## (၄-၁-၂၀၂၀ ရက်နေ့မှ ၂၉-၂-၂၀၂၀ ရက်နေ့ထိ)
## (၂၉-၂-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ

၁။ ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၉-၂-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် နံနက်(၀၁:၃၀)နာရီအချိန်ထုတ်ပြန်ချက်)

| | | |
|---|---|---|
| ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံစုစုပေါင်း | - | ၅၂ နိုင်ငံ |
| ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | - | ၈၃,၆၅၂ ဦး |
| ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း | - | ၂,၈၅၈ ဦး |

- ရောဂါစတင်ကူးစက်ပျံ့ပွားခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဓာတ်ခွဲ အတည်ပြုလူနာနှင့် သေဆုံးသူအရေအတွက်မှာ ကျဆင်းလျက်ရှိသော်လည်း အခြားနိုင်ငံများတွင် ကူးစက်ဖြစ်ပွားမှုများပြားလာသည်ကို တွေ့ရှိရပါသည်။
- ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသော အခြားနိုင်ငံများမှာ-
    - အနောက်ပစိဖိတ်ဒေသတွင်း (၉) နိုင်ငံ၊
    - ဥရောပဒေသတွင်း (၂၃) နိုင်ငံ၊
    - အရှေ့တောင်အာရှဒေသတွင်း (၄) နိုင်ငံ၊
    - အရှေ့အလယ်ပိုင်းဒေသတွင်း (၁၀) နိုင်ငံ၊
    - အမေရိကဒေသတွင်း (၃) နိုင်ငံ နှင့်
    - အာဖရိကဒေသတွင်း (၂) နိုင်ငံ တို့ဖြစ်ကြပါသည်။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ (၂၄-၂-၂၀၂၀) ရက်နေ့မှစ၍ ကမ္ဘာ့ဒေသအသီးသီးတွင် ရောဂါကူးစက်ဖြစ်ပွားသောနိုင်ငံများ ဆက်တိုက်များပြားလာခဲ့ပြီး ရောဂါကူးစက်မှုမှာ နိုင်ငံပြင်ပမှ ကူးစက်ဖြစ်ပွားမှုသာမက နိုင်ငံတွင်း၌ပါ ကူးစက်မှုများ ရှိလာကြောင်း အထောက်အထားများ တွေ့ရှိလာရပါသည်။ သို့ဖြစ်ပါ၍ COVID-19 ရောဂါကူးစက်ပျံ့ပွားနိုင်မှုအခြေအနေ (Risk Assessment) အား –
    - တရုတ်ပြည်သူ့သမ္မတနိုင်ငံ (China)၊ ဒေသတွင်းနိုင်ငံများ (Regional) နှင့် ကမ္ဘာ့နိုင်ငံများအားလုံး (Global) တွင် ရောဂါကူးစက်ပျံ့ပွားနိုင်မှုအခြေအနေ **အလွန်မြင့်မားသည့်အဆင့်** (Very High) အဖြစ် တိုးမြှင့်သတ်မှတ်လိုက်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၈-၂-၂၀၂၀) ရက်နေ့ ထုတ်ပြန်ချက် Situation Report – 39 တွင် ဖော်ပြထားပါသည်။

၂။ **မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ (၂၉-၂-၂၀၂၀ ရက်နေ့၊ ညနေ (၆:၀၀) နာရီ အချိန်ထိ)**

| | လူနာ ဦးရေ | ဓာတ်ခွဲစစ်ဆေးမှု အခြေအနေ | | |
|---|---|---|---|---|
| | | ပိုးတွေ့ | ပိုးမတွေ့ | စစ်ဆေးဆဲ |
| **စောင့်ကြည့်လူနာ** | ၄၃ | - | ၄၃ | - |
| **သံသယလူနာ** | ၂ | - | ၂ | - |
| **စုစုပေါင်း** | ၄၅ | - | ၄၅ | - |

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သံသယလူနာနှင့်စောင့်ကြည့်လူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၁၄) ဦး၊ ရှမ်းပြည်နယ်တွင် (၁၂) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၈) ဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၁၁) ဦး စုစုပေါင်း (၄၅) ဦးတို့ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် **COVID-19 ရောဂါကြိုတင်ပြင်ဆင်မှုအနေဖြင့်** ဗဟိုအဆင့်ဆေးရုံကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများသို့ လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ **ဝယ်ယူဖြန့်ဖြူးခြင်းလုပ်ငန်းများတွင် ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများ၊ အလှူရှင်များနှင့်လည်း ချိတ်ဆက် ဆောင်ရွက်လျက်ရှိပါသည်။**

**ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် အဖွဲ့အစည်းများထံမှ ဆေးနှင့်ဆေးပစ္စည်းများ လက်ခံရရှိမှုအခြေအနေ (၂၉-၂-၂၀၂၀) ရက်နေ့**

| စဉ် | အဖွဲ့အစည်း အမည် | Personal Protective Equipment (အစုံရေ) | N95 Mask (ခု) | Surgical Mask (ခု) | Hand Gel (ဗူး) | Protective goggles | Non-Contact Thermometer (ခု) | Ventilator (ခု) | Glove (ခု) |
|---|---|---|---|---|---|---|---|---|---|
| ၁ | ကမ္ဘာ့ကျန်းမာရေးအဖွဲ့ | ၁,၁၀၀ | ၂,၅၂၅ | ၃၀,၀၀၀ | ၄၉၉ | ၅၀၀ | - | | ၂၀,၀၀၀ |
| ၂ | မြန်မာနိုင်ငံကြက်ခြေနီအသင်း | ၂,၀၀၀ | - | ၅,၀၀၀ | ၁,၈၅၇ | | - | | ၆,၀၀၀ |
| ၃ | Sea Lion Company | ၂,၀၀၀ | - | - | - | | - | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၄ | ဥက္ကာသီရိကုမ္ပဏီ | ၁,၀၀၀ | - | - | ၂၂၅ | | - | | |
| ၅ | ဓီဇဝါကုမ္ပဏီ | - | - | - | - | | ၄၅ | | |
| ၆ | Gold Lite Co.,Ltd | | ၂,၀၀၀ | | | | | | |
| ၇ | Eclion Global Group နှင့် အခြား အလှူရှင်များ | ၃,၃၀၀ | | | | | | | |
| ၈ | ရီရှင်းကုမ္ပဏီ မိသားစု | | | | | | | ၅ | |
| ၉ | Valves Co.,Ltd | | | ၂,၀၀၀ | | | | | |
| စုစုပေါင်း | | ၉၄,၀၀ | ၄,၅၂၅ | ၃၇,၀၀၀ | ၂,၅၈၁ | ၅၀၀ | ၄၅ | ၅ | ၂၆,၀၀၀ |

၆။ **COVID-19 ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍** ကျန်းမာရေးပညာပေးသတင်း အချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/MinistryOfHealthAndSportsMyanmar နှင့် https://www. facebook.com/MyanmarCDC) တို့တွင် QR Code ကို Scan ဖတ်၍ ရယူနိုင်မည်ဖြစ်ပါသည်။

၇။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ COVID-19 ရောဂါ ဖြစ်ပွားသူလူနာမတွေ့ရှိသေးသော်လည်း -

- ရောဂါစတင်ဖြစ်ပွားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြင် အီတလီ၊ အီရန်နှင့် အထူးသဖြင့် ကိုရီးယားသမ္မတနိုင်ငံတို့၌ အရှိန်အဟုန်ဖြင့် ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသည်ကို တွေ့မြင်နေရပါသည်။
- အဆိုပါနိုင်ငံများ၌ ခရီးသည်များသည် လေကြောင်းခရီးဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ အခြားနိုင်ငံများတွင် ရပ်နားဖြတ်သန်းပြီးသော်လည်းကောင်း၊ မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်သည့် အခြေအနေများစွာရှိနေပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းကာ အထူးအားဖြည့်၍ ဆောင်ရွက်လျက်ရှိပါသည်။
- အပြည်ပြည်ဆိုင်ရာဝင်ပေါက်များမှ သံသယလက္ခဏာရှိသူများမဝင်ရောက်နိုင်စေရန် ထိန်းချုပ်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာခရီးသည်များ တည်းခိုနေထိုင်မည့် ဟိုတယ်၊ တည်းခိုခန်းနှင့် အိမ်များ၌ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ ဆောင်ရွက်မှုမှာ အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။

- COVID-19 ရောဂါ လူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းမရှိသူ (သို့မဟုတ်) ရောဂါဖြစ်ပွားရာဒေသ၊ နိုင်ငံများသို့ လတ်တလောသွားရောက်ခဲ့သော ခရီးသွားရာဇဝင်မရှိသူများတွင်လည်း ရောဂါကူးစက်ဖြစ်ပွားမှုဖြစ်စဉ်များအား နိုင်ငံအချို့တွင် တွေ့ရှိနေရပါသည်။
- လူစုလူဝေးများသောနေရာများတွင် COVID-19 ရောဂါဖြစ်ပွားသူ (သို့မဟုတ်) ရောဂါလက္ခဏာမပြသေးသော်လည်း ရောဂါရှိသူ (asymptomatic carrier) တစ်ဦးထံမှ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားနိုင်ပါသည်။

၈။ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူအများအပြား ရုတ်တရက်တစ်ပြိုင်နက် တွေ့ရှိလာနိုင်ပြီး ပြည်သူများအတွင်း၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် -

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများ၌ ပွဲလမ်းသဘင် ရှိရာနေရာများကို အတတ်နိုင်ဆုံးရှောင်ကြဉ်ကြပါရန်၊

(ခ) အခြေအနေ အကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များ ကိုသာ ပြုလုပ်ကြပါရန်နှင့်

(ဂ) အကယ်၍ ထိုသို့ မလွှဲမရှောင်သာကျင်းပရပါက တက်ရောက်သည့်လူအရေအတွက် နည်းနိုင်သမျှနည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ မလာရောက်စေရေး အစီအမံများ တင်းကျပ်စွာပြုလုပ်ရမည့်အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များကိုလည်း တိကျစွာ စနစ်တကျလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည်။